# ဥက္ကဋ္ဌ

သို့မဟုတ်

## ဘယ်တော့မှမလုပ်နိုင်တော့

ရေးသူ — ဦးနု။

PDF created with pdfFactory Pro trial version www.pdffactory.com

# ရှုခုပ်

ထို့မဟုတ်

ဘယ်သောခွေးမှုမလုပ်နိုင်တော့၊

**ရေးသူ - ဦးနု။**

မကြာသေးမီကသူငယ်ချင်းဘဂနှင့် လမ်းလျှောက်သွားစဉ်၊ နွားသော်ငံ့ဆီသို့ ခေါင်းလည်လည်နေသောနွားတအုပ်ကို တွေ့ရ၏။ နွားများ၏အရေအတွက်ကား ၂၅ မှ ၃၀ လောက်အထိရှိ လိမ့်မည်ဟု ခန့်မှန်းမိ၏။ရင်းနွားအုပ်ထဲတွင် နွားသန်, နွား မိန်,နွားကြီး,နွားငယ်,နွားကလေးများပါဝင်။ နွားအပုံးမျိုး ပါ ဝင်သောသည်။ ရင်းတို့တအုပ်လုံးကို ခေါင်းဘောက်ကုလား ထ သောက်ထည့်ကမောင်းလာ၍။ ရင်းမောင်းသူ၏ လက်ထဲ တွင်ကြိမ်လုံးမှတပါး၊ အခြားဘာမှတ် မပါချေ။

ရင်းနွားအုပ်ထဲမှ၊ဖျော့သောနွားတို့သည်၊ရင်းတို့၏ သေ ဘေးကိုပင် ရိပ်မိကြ၍လေမသိ၊ ဖို့ဝလျှောက်ရှိကြ၏၊ အချို့ ကား တခေါက်ပေါ်ဘခေါင်တက်နှင့် ပျော်မြူးလျှောက်ရှိ၍၊ အချို့မှာကားမျောခြင်းခြင်းတွေ့လျှောက် ရှိကြသော၏။



PDF created with pdfFactory Pro trial version www.pdffactory.com

ကျွန်ုပ်တို့အထဲမှတယောက်က၊ "ကြည့်စမ်း၊ ခွေးသတ်ရုံရောက်ရင်၊ လည်အလှီးခံရတော့မယ်၊ အချိန်လောက်သာလိုတော့တယ်၊ ဒါနဲ့တောင် တကောင်ပေါ် တကောင်တက်နေသေး၊ ဟောကောင်ကိုတကောင်ဆွဲထိုးရှိသေးတယ်၊ တယ်မသိချက်သား ဆိုးဝါးတဲ့ အကောင်တွေ" ဟု၍ မှတ်ချက်ချလိုက်သေး၏။

ထိုစကားကို အခြားအဖော် - ၂-ဦး ၃-ဦးက ဝိုင်း၍ထောက်ခံခြင်း ပြုသည်မှ တပါး ၎င်းအကြောင်းကို ဆက်လက်၍ မပြောကြတော့ချေ၊ တကောင်ပေါ် တကောင်တက်နေသော ခွေးများနှင့် တကောင်ကို တကောင် ဖွဲ့နေသောခွေးများသည် ၎င်းတို့၏ စိတ်ထဲမှ ကြက်ပြောက် ငှက်ပြောက်ပြောက်ပျက်လုန်ကြလေပြီ။ သို့ရာတွင် ကျွန်ုပ်၏ စိတ်တွင်းမှမူကား၊ ၎င်းခွေးများသည် တောင်တော်နှင့် မပြောက်နိုင်ချေ၊ နားဝတွင် ထိုဗိနှင့် အော်မည်နေသော ခြင်ကောင်၏ ဖွဲ့မျိုးဖြင့်၊ ကျွန်ုပ်မြင်ခဲ့ရသော ခွေးတို့၏ အခြင်းအရာသည် ကျွန်ုပ်၏ စိတ်အတွင်း၌ တစ်ခါတလဲလဲပေါ်လျက်ရှိလေ၏။

မြင်းပြိုင်ကွင်းဟောင်းသို့ ရောက်သောအခါ ကြိုက်ရာမျက်ခင်းပြင် တနေရာတွင် ဂျစ်ကိုင်ကြပြီးလျှင်၊ အသီးသီးရောက်တတ်ရာရာ စကားဖိုင်ကို ပြောသူက်ရှိ၏။ လမ်း၌တွေ့ခဲ့ရသော ခွေးများသည်၊ ကျွန်ုပ်၏ စိတ်အာရုံကို အလွန်ဖွဲ့နေသဖြင့်၊ "မနေ့ညကြီးတွေ ပျက်စီးပါစေ" "အရေးတော်ပုံအောင်ပါစေ" "သံမှုသံလင်ဖင်" "ထိနှင့်" "ကော်ဖြူနှစ်

ဇင်" "တရုရုတော့လုပ်ဘဲ ဖိုးမှာတဲ့ဗျာ" ဟူသည့်ဖြင့် တိုင်း ပြည်နှင့်အမျိုးသားတို့အား ရှုတ်ချ၍ စောင်းမြောင်းဖြင့် စောင်း မလျှက် ရှိကြသော ကျွန်ုပ်၏ အဘော်တချို့၏ ရေးနေ သော စကားများထဲမှ အပိုင်း အစ ကလေးများကိုသာ နံ ဘန်ရံ၍ ကြားခဲ့ရသည်။

ကျွန်ုပ်၏ စိတ်သည် ဥက္ကဋ္ဌ ဘိုကေးထံသို့ ချက်ချင်းပြန်သွား လေ၏။

အမှတ်သည်လည်း ဗြိတိသျှ အင်ပိုင်ယာကြီးနှင့် တတိုင်း ပြည်ခြား လူမျိုးမြင်တိုက်ရမည်ဆိုလျှင်၊ မည်သည့်နည်းနှင့်မျှ တိုက်ခိုက်၍မည်မဟုတ်၊ ထို့နည်းတူစွာ ဂျပန်ကဲ့သို့ ဂျပန် အစ ရှိသော တိုင်းပြည်များသည်လည်း။ တတိုင်းပြည်ခြင်းသာ တိုက်ရမည်ဆိုလျှင်၊ ဗြိတိသျှအင်ပိုင်ယာကို ရောက်ရောက်ရော ရောတိုက်ချင်ကြလိမ့်မည်မဟုတ်ပေ။

## ဒို့ရာဇဝင်

[၁] အရှေ့ဘက်တွင် တရုတ်ဂျပန် စစ်ပွဲနှင့် ပါတ် သက်၍၊ အင်္ဂလန်နှင့် ဂျပန်တို့သည်၊ တတိုင်းပြည်နှင့် တ တိုင်းပြည် စစ်ဖြစ်ခဲ့မတတ် ဒေါသကြီးနေကြခြင်း။

[၂] အနောက်ဘက်တွင် ဂျာမနီနှင့်အီတလီ [ထိုစဉ်တ ဒေသအားဖြင့်အင်္ဂလန်ပါ-ပါသည့်]တို့၏ ရန်ကိုကြောက် နေရသောစရာရှိသည်၊ တရုတ်ဂျပန်အရေးနှင့် ပါတ်သက်၍ ဂျပန်နှင့်စစ်မဖြစ်သေးခြင်း။

[၃] ဂျာမဏီနှင့် စစ်မဖြစ်ရဲသဖြင့်၊ ဥရောပ အလယ်ပိုင်းတွင် ဗါဆေး စာချုပ်များကို ပယ်ဖျက်ခါ၊ ဂျာမဏီသည် ရမ်းချင်တိုင်းရမ်းနေသည်ကို အင်္ဂလန်က လွှတ်ထားမြဲ နေသောကြောင့်၊ ပြင်သစ်က အင်္ဂလန်ကို မယုံကြည်ခြင်း။

[၄] အဘိသိနီးယားကို အီတလီတို့ သိမ်းစဉ်က၊ အင်္ဂလန်က ပြင်သစ်၏ အကူအညီကိုရလျှင်၊ အီတလီကို စစ်တိုက်လိုသော်လည်း၊ ဂျင်းဝါ ပွဲတွင် မည်သည့်အကျိုးမှ ခံစားရတော့ခြင်း၊ ဆိုးရွားစရာလည်းဖြစ်သော ပြင်သစ်တို့က၊ အင်္ဂလန်တို့ မလိုအပ်ဘဲ ပါဝင်လိုက်သဖြင့်၊ ပြင်သစ်ကို အင်္ဂလန်က စိတ်မချခြင်း။

[၅] အိန္ဒိယတွင် ထွန်းရက်က၊ ဆူဆူပူပူ လုပ်နေသဖြင့်၊ စစ်ဖြစ်လျှင် အိန္ဒိယကို ရှေးကကဲ့သို့ အင်္ဂလန်က မမှီနိုင်တော့သည်ကို သိခြင်း။

[၆] ဒိုမီနီယံနိုင်ငံများကလည်း၊ စစ်ဖြစ်လျှင် အင်္ဂလန်ကို မကူနိုင်ကြောင်း၊ အတိအလင်းသော်၎င်း၊ သွယ်ဝိုက်၍သော်၎င်း၊ ထုတ်ဖော်ပြောပြီး ဖြစ်ကြခြင်း။

[၇] အမေရိကန်-ကလည်း၊ ဥရောပစစ်ပွဲတွင်ဝင်၍တိုက်သည့်အတွက်၊ ဝင်မတိုက်ဘဲ ထိုင်၍ ချောင်းစားနေသည်က အကျိုးပိုမိုရှိမည်ကို အလေအနှောင့်သိသဖြင့်၊ ဥရောပ အရှုပ်အထွေးတွင် များစွာ စိတ်မဝင် စားခြင်း။ ။စသော အကြောင်းများကြောင့်၊ စားခြင်းသောက်ခြင်းနေသော အီတလီ ဂျာမဏီ၊ ဂျပန် နိုင်ငံတို့သည်၊ မည်သူ့ကိုမျှ ဂရုမစိုက်ဘဲ၊ မိမိတို့လိုချင်သည့် အရာများကို အလုအယက်စားသောက်

PDF created with pdfFactory Pro trial version www.pdffactory.com

လျှက်ရှိကြကုန်၏။ လုယက်ခြင်းခံရသော တိုင်းပြည်များက လည်း ဆင်ကို မြိုထားသော စပါးကြီး မြွေကဲ့သို့ မလှုပ်နိုင် ဘဲ၊ အံကိုတင်း အတင်း ကာလေဒ်ရှက်နေသော လူ့ဘုရ၏ ထင်သလို ပြုခြင်းကို ခံရလျှက်ရှိကြပေတော့၏။

လိမ်မာသော ပုဂ္ဂိုလ်တို့မည်သည် အချိန်အခါကို ကြည့်၍ အလုပ်လုပ်ကြပေ၏။ အေးအေးအလောင်း ရေနံ့သည် အလုပ် လုပ်ခဲ့ပြည့်အချိန်ကိုသိဘဲ၊ အရေး နန်မိသောကြောင့် ခေါင်းထုခံရသည့်အကြောင်းသည် နိပါတ်တော်တွင်အထင် အရှားရှိ၏။

ထိုအချိန်အခါတွင်၊ ကျွန်ုပ်၏စိတ်သည် နိပါတ်တော်မှ ဘသန်၊ ကျွန်ုပ်၏ တိုင်းတွင်းသို့ချန်၍ ပင်ယောဖြစ်နေလေ၏။ ကျွန်ုပ်၏အဘေးဘိုးဘိုင်တို့၊ အမိမြန်မာပြည်ကြီးအား၊ နှုတ်ဖြင့် ရက်ရက်စက်စက်-နင်းလျက်ရှိသော သူတရားမှာ မောင်း ပင်လော၊ သို့မဟုတ် ကျွန်ုပ်တို့မှ ဆိုင်ငြိမ်သည့်ဝါဒ တွေး ပက်သွားချီလော၊ ငြိမ်သက်စွာ စဉ်းစားလျှက်ရှိကြကုန် ၏။ များမကြာမီကျွန်ုပ်၏ဖိုဖိုးသည်၊ ကျွန်ုပ်၏ သူငယ်ချင်းတို့ တို့ ရောင်ထွန်း၍၊ ပွဲတော်ဆပ်ရေးအတွက်၊ အချိန်ကောင်းကို ရှာဖွေခဲ့ကြသော တိုင်းပြည်သည်၊ အဘယ် တိုင်းပြည်ပါ နည်းဟု ရှာဖွေလျှက်ရှိကြကုန်၏၊ များမကြာမီ တွေ့လေပြီ။ ရှမ်း တိုင်းပြည်သည်ကား၊ ချက်ကိုစလိုဗေးကီးယား နိုင်ငံကလေး ပင်ဖြစ်၏။

ရင်းနိုင်ငံကလေးသည် ကမ္ဘာ့စစ်ကြီးမဖြစ်မီကား၊ ဩစ ကြီးယား ဟင်ဂေရီယားအတွင်းတွင်၊ လက်အောက်ခံ ကျွန်

နိုင်ငံကလေးတခုဖြစ်လေသည်။ နိုင်ငံသည် ကျွန်နိုင်ငံဖြစ်သဖြင့်၊ နိုင်ငံအတွင်း၌နေသောသူတို့မှာလည်း၊ ကျွန်များဖြစ်ကြလေသည်၊ ကျွန်များ ဖြစ်ကြသည့်အတိုင်း ပခုံး ၂ ဘက်ကြားတွင် ခေါင်းပေါက်သော လူ့ခြင်းအကုကု ဖြစ်ကြသော်လည်း လူလိုမနေကြရ၊ နှာခေါင်း ၂ ပေါက်မှအသက်ရှူခြင်း အလုပ်တခုဖြစ်သော်လည်း၊ ငုံးတို့အပေါ် ဇရပ်ဆိုးလျှော်ရှိသော ပြဲပကြီးယန်းသခင်တို့နှင့်၊ ဘပမြင်း ကျွဲချိုးလျှောင် ရှိကြကုန်၏၊ ချင်းလူမျိုးတို့တွင် ပြဲစကြီးသား လူမျိုးတို့ကဲ့သို့ နှာသ်မှုနှင့် ထက်မြက်ပညာရှိများရှိသော်လည်း၊ ကျွန်လူမျိုးများ ဖြစ်နေသောကြောင့်၊ ထက်သည့်ပညာကိုမပြုကြရကဲ၊ သာမညနှင့်ပင် ဘဝ ဆုံးရသောကြောင့်၊ သင်းထားသည့် နွားများပမာနှစ်နှာခွာ လူ့ဘဝနှင့်လူ ခြင်းခံနေကြလေ၏။

ဤတိုင်းပြည် ကလေးနှင့် ကျွန်ုပ်တို့ မြန်မာပြည်သည်၊ မည်ကဲ့သို့ကျကြပါလိမ့်မည်နည်းဟု၍ စဉ်းစားတွေးတော ရင်အရင်းတိုင်းပြည်ကိုကျွန်ုပ်ဘဝမှ လွတ်အောင် ကြိုးစားခဲ့သော မျိုးချစ်အာဇာနည်၏ အကြောင်းသို့၊ ကျွန်ုပ်၏ စိတ်သည် ရန်သွားသွားပြန်လေ၏။

ဘုံပင်ပြန့်သော နဖူးအောက်မှ အလွန်ရှုးရှုတောက်ပြောင်သော၊ မျက်လုံး ၂-လုံးသည် ကျွန်ုပ်အား ၂-စက္ကန့်မျှ စိုက်ကြည့်လိုက်၏၊ အလွန်ထူထဲလှသော နှုတ်ခမ်းမွေးနှင့် ပုတ်ဆိတ်မွေး နှစ်ခုစပ်ကြား၌၊ ခင်တင်းဘင်းဖိထားသော နှုတ်ခမ်းတို့သည်၊ အထင်းသားပေါ်လျက်ရှိကြကုန်၏၊ ကျွန်ုပ်

တို့ လူရိုက် အပြန်အလှန်ကြည့်ပြီးလျှင်၊ မျက်နှာမှောင် ကုတ်ချောက်၊ သက်သီးကိုရေတ်ပြီး၊ စကားပြောမည်ကဲ့သို့ယှန်ပြင်၏၊ ရင်းနောက် တစုံတခုကိုသတိရသည့်ပမာနှင့်၊ ပြောမည့်အကြံကိုချင်ထားပြီး ရင်း၏အာဘောင်ပြောင်သော မျက်လုံးတို့ဖြင့်၊ စိုက်ကြည့်ပြန်၏။ ထိုအကြိမ်တွင်ကား၊ ပဌမအကြိမ်ကဲ့သို့ စူးရှူးကြည့်ခြင်းမဟုတ်၊ မျက်လုံးများအတွင်းမှ မိမိ၏စိတ်တွင်းရှိ ဓါတ်များကိုဖွင့်၍ပြောစေ၏၊ မိဘဓါတ်များသည်၊ ကျွန်ုပ်၏မျက်လုံးအတွင်းမှဝင်လေပြီးလျှင်၊ ကျွန်ုပ်၏အသိဉာဏ်ပေါ်တွင်၊ "မင်းတို့မရှက်တတ်ဘူးလား" ဟူ၍ ထလုံးစီပေါ်သကြားကုန်၏၊ ထိုစက္ကန့်၌ အကြားတွင်၊ ကျွန်ုပ်အားညှိုးကဲ့သို့စိတ်ဓါတ်ဖြင့် မေးသောလူကြီးသည်၊ လျှော်ငံကဲ့သို့ပျောက်ကွယ်သွားလေ၏၊ ထိုလူသည် အခြားမဟုတ်၊ ချတ်လူမျိုးတို့အား ကျွန်ုပ်ထံ ၁ မှ လွတ်မြောက် အောင်၊ အသက်နှင့်ချီကြိုးစားပေးခဲ့ သော၊အာဘာဇနည်မဟာစာရစ်ပင်ဖြစ်သည်ဟုတွေးတောင်းမှတ်မိလိုက်၏။

× × × × ×

တညနေခင်းတွင်၊ ဂျာမနီတောင်ပိုင်း၊ အဲလ်ဘ်တောင်ပေါ်ရှိ၊ ချိန်းဒေါ်ခေါ်- နွေရာသီ စခန်းကလေးတွင်၊ လူတို့သည် ရောက်ယက်ခတ်လျက် ရှိကြကုန်၏။

ရင်းရွာရှိ အိမ်တအိမ် အတွင်းတွင်း အသက်ခြောက်ဆယ်ကျော်မျှရှိသော အဘိုးကြီးတယောက်သည် မိမိလက်ထဲ၌ ကိုင်ထားသော သတင်းစာကို ကလုံးစိ လေးနက်စွာဖတ်လျှက်ရှိ၏၊ အဘောက်ကလေး ကြည့်သောအခါ၊ ကြေနှုတ်

သည့်အရှုအရောနှင့်၊ မိမိရှေ့တည့်တည့်ကို ကြည့်ပြီး နေလေ၏။ လက်ထဲမှ သတင်းစာကို အသာချထားပြီး၊ "အင်း ... ခု ထုပ်ရင်လျင်ခုံမသတ်ရင် ဘယ်တော့မှ မလုပ်နိုင်တော့" ဟု မိမိတကိုယ်တည်းပြောပြီးလျှင်၊ စားပွဲခုံကို သက်သီးနှင့်ခေါက် လေးလေးအလှုပ်ရှိလေ၏။ ရှေ့တည့်တည့်ကို မှိုင်၍ကြည့်နေသော် လည်း ရင်း၏စိတ်သည်ကား အခန်းတွင်း၌ မရှိချေ။ များမကြာမီ ဂျာမန်၊ဩစတြီးယားတို့နှင့် အင်္ဂလိပ်၊ပြင်သစ်တို့ တိုက် ခိုက်ကြတော့မည့် စစ်မြေပြင်များပေါ်တွင် တနေရာမှတနေ ရာသို့ လျှင်မြန်စွာ ပျံသွားလျက်ရှိလေ၏။

သတင်းစာထဲတွင် ရင်းဖတ်နေသော အကြောင်းသည် ကား- "ဖရန်စစ်ဖါဒင်နန်အသတ်ခံရပြီ" [က] ဟူ၍ ခေါင်း စဉ်တပ်ထားသော သတင်းပင်ဖြစ်၍ ရင်းကိုဖတ်နေသောသူ ကား၊ မောစာရစ်ပင် ဖြစ်ပေလသည်။

ချက်ကိုစလိုဗေးကီးယား တိုင်းပြည်ကလေးကို၊ ချက်လူ မျိုးတို့၏ဆန္ဒကိုငဲ့ကြည့်၍ [ခ] ရင်းလူမျိုးတို့ မနှင်းပြုမ သည့်ပါ။ မကြည်ဖြူတဲ၊ ဩစတြီးယား တိုင်းပြည်က လက်

[က] ဖရန်စစ်ဖါဒင်နန်သည် ဩစတြီးယား အင်ပိုင်ယာ၏ အိမ်ရှေ့မင်းသားဖြစ်၍၊ ဆားဘီးယားခေါ်-ယုဂိုဆလပ် နိုင်ငံကလေးသို့ တိုင်းခန်းလှည့်လည်စဉ်၊ တိုင်းတပါးတို့၏ လက်အောက်တွင် ကျွန်ဖြစ်နေရသည်ကို ရှက်လျက်ရှိသော မျိုးချစ်ပညာတဦးက သေနတ်ဖြင့် ပစ်သတ်လိုက်လေသည်။ ယင်းသည် ကမ္ဘာစစ်ကြီးသည်းပွင့်ခြင်း၏ အကြောင်းပြရင်း ဖြစ်ပေသည်။

PDF created with pdfFactory Pro trial version www.pdffactory.com

နက်အင်အားဖြင့်၊ မထေရ်းဘိမ်းယုယားသည်ဖြစ်ရေး၊ ကြွစကြွီးယားဖြည်သည့် ကန္တာရစပ်ကြီး၌ ဗျာများ နေသော အချိန်အခါသည်၊ ၎င်း၏ မထေရ်းအုပ်ချုပ်ခြင်းကို၊ ထွန်းလှန်ဖြိုဖျက်၊ ချေမှုန်းပစ်ရန်၊ ချက်လူမျိုးတို့၏ အကောင်းဆုံး အကောင်းဆုံးအချိန်အခါဖြစ်ခဲ့လေသည်။ သို့ရာတွင်၊ ကောင်းသည့်အရာတိုင်းကို၊ လူတို့သည်မလင်ကြ၊ လူတို့ လုပ်ခြင်တိုင်းလည်း ကောင်းသော အရာများသည် လုပ်ရန်မလွယ်ကူသော စကားကဲ့သို့ပင်ကဲ့သို့ အခါကောင်းနှင့် ကြုံကြိုက်လျှင်ရှိသော်လည်း၊ ချက်လူမျိုး— လူ့ငနွား များသည် ကျွန်ုင်တွေ့ခဲ့ရသော နွားများကဲ့သို့ တစ်ဦးနှင့်တစ်ဦး တိုက်ကြ-ခိုက်ကြလျက် ရှိသေး၏၊ ချက်ကိုစလို ဖေးကီးယား ဖြည်၏ လွတ်လပ်ရေးသည် ၎င်းတို့၏ အရေးမပါသကဲ့သို့ အေးအေးဆေးဆေးနေကြလျက် ရှိကြ၏။

တကယ်မှန်ရည်အချက်များနှင့် ငဲဆိုင်တွေ့ကြုံသော အခါ၊ ထိုသဘောတွေးဆိုးကဲ့သို့ သဘောထားလျက်ရှိကြသေး၏၊ တိုင်းပြည်ကို နှတ်၍ဆောင်မရခြင်းဖြင့်၊ စောင်မယုံနှင့်သော တင်းတိမ်လျက်ရှိကြသေး၏။

များမကြာမီ မစ္စတာနေဘ်သည်၊ ဩစကြီးယားအစိုးရတို့၏ ဘေးမှလွတ်မြောက်အရှင်သို့ ပြေးသေပြီး၊ အာဇာနည်တို့၏ လက်သုံးစကားသည်၊ သေဖြင့်ဖြီး—ရှင်ရွှေတိုးပင်ဖြစ်လေသည်၊ ၎င်းလက်သုံးစကားကိုပင်ဆရာတင်၍၊ မစ္စနိုက်သည် မိမိ အမျိုး၏လွတ်လပ်ရေးကိုရှာသော်၏။

PDF created with pdfFactory Pro trial version www.pdffactory.com

ဈေးဦးပဒ္မမ၊ ဟင်္ဂါအရပ်တွင် ဗြိတိသျှအစိုးရ၏ ကိုယ်စလည်ဘဦးဖြစ်သော ပဒေါ်ဖက်ဆာ ဗိတန်ဒင်ဆန်ဆိုသူနှင့် တွေ့၍ စာဘင်ဆွေးနွေးကြ၏၊ အင်္ဂလိပ်နှင့် မဟာမိတ်အသင်းသားများကို၊ လူအားငွေအားနှင့်ကူညီရန်၊ မာစာရစ်က ဂတိပေး၏၊ရင်းဂတိအတွက် ချက်လူမျိုးတို့အား၊ စစ်နိုင်လျှင် လွတ်လပ်ရေးပေးရန် ဂတိထခုံသာလျှင် ဖြန့်၍တောင်း၏၊ ဤကဲ့သို့ဆွေးနွေးချက်ကို ဗြိတိသျှပြင်သစ်ပုလိပ်များသာ သိခဲ့ပါလျှင်၊ ဩစတြီးယားနယ်တွင်းသို့ ရောက်သည်နှင့်တပြိုင်နက်၊ မာစာရစ်သည် ကြိုးပေးခံရမည်ကား မလွဲပေတည်း။

နေရင်း အရပ်ဖြစ်သော ပရိုဂ်မြို့သို့၊ မာစာရစ် ပြန်၍ရောက်လေသောအခါ၊ ဗေါဟေဘားအမည်ရှိသူ တဦးနှင့်တွေ့၍၊ ရင်းအားယုံကြည်ရသည်ကို စိတ်ချရပြီးနောက်၊ မိမိကိုယ်စား၊မိမိအလိုရှိသော အစိုးရများထံသို့စေလွှတ်၍၊ ဆက်စပ်ဆွေးနွေးစေခဲ့လေသည်။စစ်ထဲတွင်မပါသော တိုင်းသူပြည်သားများထံမှစိတ်ချရမည့်လူဘာရကိုရွေးပြီးလျှင်၊ ရင်းကို၏အကူအညီဖြင့် တနေရာမှတနေရာသို့ စာပေး စာယူပြုလုပ်ကြလေသည်၊ ကြားနေတိုင်းပြည်မှ တိုင်းရင်းသားများဖြစ်သောကြောင့်၊ တနေရာမှတနေရာသို့ အသွားအလာရအလွန်လွယ်ကူသဖြင့်၊ဤနည်းဖြင့် စာပေးစာယူပြုလုပ်ရာ၌လွန်စွာလွယ်ကူသည်ကိုတွေ့ရ၏။

ထိုအခါက မာစာရစ်၏ခွဲထက်၊ အနည်းငယ် ငယ်ရွယ်သောခွဲရှိသေသူတဦးသည်ချက်လူမျိုးတို့၏လွတ်လပ်ရေး

PDF created with pdfFactory Pro trial version www.pdffactory.com

အထွက် သွားရမည့်ခရီးကို မြော်ကြည့် လိုက်ပါမှုကား ကန္တာရကြီး တခုတွင် ဘာမျှမပါ၊ ဘာလာသတ်သတ်ခရီး သွားနေသောခရီးသယ်တဦးကဲ့သို့၊ ကြောက်ခြင်း၊ ရိုးရိမ်ခြင်း၊ စိတ်ပျက်ခြင်းတို့၏ တလှည့်စီနှိပ်စက်ခြင်း ကို ခံရသည်ကား မပွဲ့တည်း၊ အကြောင်းကား ဤသို့တည်း။

ဝန္ဒုနှိုဝေ့ သူပုန်မလေးစစ်အား ခြိမ်မသပြည့်ကို ဥးရောပတိုက်တွင်ဆိုသူအလွှန်နည်းသေး၏၊ အကယ်၍ထိုအခါက မြိန်မာ တပေါ့တော်သည်း၊ ဥးရောပတိုက်တွင် ဥးရောပထိုးယ်သားအသောက်မှုဝိုင်မွေ့မှု၊ ပုင်းသူ့သို့ မြိန်အကြည့်သွား ဖြစ်သည်ဟုဆိုလျှင်၊ ဥးရောပတိုက်သားသည် မြိန်မာလူမျိုးကို နားမလည် နိုင်သော မျက်လုံး နှင့်ဖြင့်ဖြိန်၍ ကြည့်မည်ကား မသွဲ့ပေ၊ ချက်ကိုဇသိုဓေကီးလေးပြည်သည်သည်း၊ ကန္တာစ်ကြီးအတွင်းက ဖဆာပြည့်နှင့် မျှားနှာ မခြားအားတွေ့ချေ၊ ဥပမာ–ဖြစ်သစ်ပြည်၊ အင်ယော်ပြည်၊ သေည်ဘို့တွင်၊ ထိုအခါက ချက်ကိုဇသို ဓေကီးလေးပြည် အကြောင်းကို ကြားဘူးသူမှု၊ တနသင်းလျှင် ၆ ယောက်လောက် ရှိမလိမ့်မည်း ထိုရာတွင် မာစရစ်သည် စိတ်မပျက်ချေ၊

မျှားမကြာမီ ထိုးပေါ်းခြီးသော်လည်း ကောင့်သန်းထံသို့ ဘင်းဆီး ချုပ်ရွှင် ထားရမည့်ဖြစ်သော လူအရေ၏၊ နာမည်စာရင်းတရသည့် အထောက်အထိုးခုထံမှ ရောက်လာလေ၏၊ ၎င်း၏ စာရင်းတွင် မာစာရစ်၏နံမည်လည်း ပါလာလေသည်၊ ကောင့်သန်းသည် ထိုအခါက တိုးအတွက်ကြီးရကား ယူတဘေက်ကိုသတိပေးနိုင်သော အာဏာမျှားပင်

ရဖို့လေသည်၊ သို့ဖြစ်ရာ အခြေအနေများသာဆိုလျှင် စောင့် ထိန်းနိုင်ငွေ့ရန်ကို အလိုရှိလိမ့်မည်မဟုတ် သို့ရာတွင်မာ စာချုပ်သည်ကောင်စီသနိးထံသို့ ကိုယ်တိုင်သွားပြီး၊ ဖြေစကြီး ယန်း အမိုးရအတွက် မိတ်ပွဲလယ်နှင့် စစ်တင်များတွင် စစ်သားများအတွက် လိုနေသော အရာများကို ပြောကြား လေ၏၊ ကောင်စီသနိးက မာစရင်ကို မသိမ်းနိုင်တဲ့ ဂျေး ဇွားထင်ချိပင်၊ ထွက်လိုက်ရသေး၏။

ကညာနေ့တွင် ဒေါက်တာဘင်း ခြံချက်ကို စကိုးဗားတီး ယသ်း၏၊ လက်ရှိသမဝာ ထုံးအခါက သတင်းစာ ဆရာကာ လေးရှုသာ ရှိသေး၏၊ ၂ သည်မာစာချုပ်ထံသို့ ယပ၍၊ တိုင် ပင်နှီးနေသလေ၏၊ များမကြာမီ၊ မစောရှုပိက အရေးကြီး သောတိုင်းပြည်များသို့ ကူညီသည့်၍၊ အရေးတော်ပုံ အောင် မြင်အောင် ကြိုးစားပြီး ဒေါက်တာဘင်းက တိုင်းပြည်အ ထွင်းတွင် လုပ်စရာရှိသမှုကို စီမံရန် သဘောတူကြလေ၏။

ဒီဇင်ဘာလ ၂၅ ရက်နေ့တွင်၊ ထိုကာလလေး အော်သဂါးကို စီး တက်သို့ ဆေးကုရန်။ ခေါ်သွားမည် ဟူသော အကြောင်း ဖြင့် ပြင်ကြီးသား အစိုးရ၏ သဘော၊ ထွက်ကားစရာ အချင်း သို့ထွက်သွားလေ၏။

ဆီးတော်မူနေ၍ အင်္ဂလန်နှင့် မှုရောက်ပြန်ရှည်ဘို့နှင့် အ ဆက် အသွယ် လုပ်ပြီးလျှင် ကိုနီဇံတွင် ပြဲစကြီးယား အစိုးရ၏ သူကျိုများ ဖြည့်နှုတ်သျက် ရှိရကား မာစာချုပ်၏ အသက်သည် များစွာ ဘေးမလွတ်လှချေ၊ ကိုနီဇံ၌ နေ၍

PDF created with pdfFactory Pro trial version www.pdffactory.com

ချက်တိုစေလို ဗေလ်ဂျီယံ ပြည်တွင် အလယ် လုပ်နေသော ဒေါက်တာဘာင်းနှင့် အကောက်အလွှယ် လုပ်ပုံမှာ အလွန်မှတ်သားလွယ်ကောင်းသတည်း။

ဥပမာ- ဒေါက်တာဘာင်းသည် အရေး ကြီးသော သတင်းတခုကို၊ မာဇောရချ်ထံသို့ ပို့လိုသောအခါ၊ ၎င်း၏ သတင်းစာ၌ နေ၍ ကြော်ငြာသော်၊ ထိုကြော်ငြာကို မိတ် မသိသူများထက်လျှင်၊ အိမ်ခန်းငှါးသော ကြော်ငြာကလေး ကောက်မှတ်ရ၏၊ ထိုနည်းတွင် မာဇောရချ်နှင့် သိ၍မှတ်ထားသောစာအ ချိန်းအချက် ပြုအင်သားရကား။ ၎င်းကြော်ငြာကို မြင်ရုံနှင့် ဒေါက်တာဘာင်းပို့လိုသော သတင်းများကို မာဇောရချ်သည် ကောင်းစွာနားလည်သော၏၊ ထို့ပြင် ဂျိုနီဗေးမှနေ၍၊ ဂျာမနီ တရုထဲတွင် ကြော်ငြာတရပ်ပါလာလျှင်၊ အပေါ်ရုံးဘော်သူ များအလုပ် ဝေစ်ဆေပ်သည့်ကြော်ငြာဟု ထင်ရသော်လည်း၊ ဒေါက်တာဘာင်းကမူကား။ မာဇောရချ်သည် ဒိုင်ခွဲ ပိုမြန်ပို၍ မြန်သင့်-မပြန်သင့်ကို၊ ၎င်းအားပုံစမ်းကြော်ငြာ ကောင်းစွာ သိသည်။

ရုံးသန့်ရုံခါ၊ အရေးကြီးသောစာများကိုပို့သားပေါ်တွင် စာလုံးရေ- ၂၀၀-ခန့်သာကိဿရေးပြီး၊ပို့စားရ၍ မြင့်နေသောသွား ထဲတွင် ထည့်၍ မာဇောရချ်ထံသို့ သူလျှိုတို့သည် ယူဆောင်ကြ ကုန်၏။ အချို့သူလျှိုတို့က မူကား၊ ခြေအိပ်တွင် လျှို၍မှတ် သည့်လက်ဝေးဘိုများကို ယာပြီး ဝတ်သောကြောင့်၏၊ ဤ နည်းများဖြင့်၊ အလုပ်ပုံ၍ ပေါ်ကျယ်ရုံမကာ၊ ရန်သူများ မရောက်မှီကာ၊ ၎င်းတို့ဘယ်အချိန်ရောက်လိမ့်မည်ကို၊ မာ

ဇာရစ်သည် ကြိုတင်၍သိထားသည်။ ဩဇာကြီးမား အစိုး ရတို့၏သူလျှိုများသည်၊ ၎င်းကို သတ်ရန်ကြံသည့်ဘေးမှ အထက်ပါ သျှို့ဝှက်ပြီး သတိပေးသည့် စာတစောင်ကား ကယ်ဆယ် လိုက်ရသည်။

ရှေးအခါက-ခင်အေးအေးနွဲ့သော ချက်လူမျိုးတို့သည် မာဇရစ်၏ ခရုပေါင်မရှ ရွက် ပြုလုပ်ပုံကို မြင်ကြရသော အခါ၌စိတ်ထက်ကြွကြပြီးလျှင်၊ အစည်းအရုံးများ ဖွဲ့စည်းကြ ကုန်၏။ မာဇရစ်ထံသို့ လွတ်လပ်ရေး ကိစ္စကို ဆောင်ရွက် ရန်အတွက်၊ ငွေများကို ပို့ကြကုန်၏။

သို့နှင့်ပင် ခရစ်သက္ကရာဇ်၁၉၁၅-ခုနှစ်ဇူလိုင်လ ၆-ရက် နေ့သို့ရောက်လာကုန်၏။ ၎င်းနေ့သည် ချက်လူမျိုး အာဇာ နည်းဟုန်ပါဝင်ဆိုသူ အသေခံရသည့်နေ့မှအနှစ် ၅၀၀ ပြည့် သောနေ့ဖြစ်လေသည်၊ ၎င်းဟုန်ပါဝင်သည် ချက်လူမျိုးတို့ အ တွက်မှန်ရာရေး၊ မှန်ရာပြောသောကြောင့်၊ အစိုးရတို့၏ မ တရားသတ်ဖြတ်ခြင်းကိုခံခဲ့ရသူကဦးပင် ဖြစ်လေသည်။ ထို့ ကြောင့် ယင်းနေ့ထူးနေ့မြတ်ကြီးတွင်၊ ချက်လူမျိုးတို့၏ လွတ် လပ်ရေးလှုပ်ရှားအောင်မြင်စေရန်အတွက်၊ အမြတ်ရနိုင်သမျှရ အောင်ယူရန်၊ မာဇရစ်တွင် စိတ်အားပေါက်သည်ဖြင့်၊ ထိုမှီးချပ် အာဇာနည်ကြီးတော်ရိုးကြူးရန်၊ အစည်းအဝေးကြီးတရပ်ကျင်း ပလေ၏။ အစည်းအဝေးတွင် ဇာရစ်လည်း တရားဟော၍ ပေးသလေ၏။ အကျဉ်းမှာကား......

"တစ်—သည့်တိုင်ယ်လူမျိုးတို့၏ ကိစ္စတို့၊ ကိုယ့်လူမျိုး များကိုယ်တိုင် ပဉ်းပေါင်းစီမံအုပ်ချုပ်နိုင်ရန်၊ အခွင့်အလမ်း

များကို၊ ဆူပူတောင်းခံ၍၊ ယခုအချိန်အခါတွင်၊ ကျွန်ုပ်တို့၏လုပ်ရန်အလုပ်သည်။ ဟစ်တလာ၏အလုပ်နှင့် ထပ်တူ ထင်မှပင်ဖြစ်၍၊ မိမိ၏ရာဇဝင်ကို ကောင်းစွာသိသော၊ ချက်လူမျိုးတိုင်း၊ ကမ္ဘာစစ်ကြီးတွင် ဩစတြီးယားကို ကူမည်လော၊ သို့မဟုတ် တိုက်မည်လော ဆိုသည်ကို၊ လေးနက်စွာ စဉ်းစားသင့်ကြပြီ၊ ယင်းသည်ကျွန်ုပ်တို့၏ ဝရဆောင်လင်း ပြဿနာဖြစ်ပါစေ” စသည်ဟုပင်တည်း။

ထိုအခါက၊ မာစရစ်၏လုပ်ငန်းမှာ၊ လျှို့ဝှက်မှု လုပ်ရသောလုပ်ငန်းမျှပင် ဖြစ်လေသည်။ အကယ်၍ ချက်လူမျိုးတို့သည်၊ ဩစတြီးယားကို ပုန်ကန်ကြခဲ့မည် ဟူ၍၊ ဩစတြီးယား အစိုးရ၏ အားလွတ်သော ဖိနှိပ်မှု၌ နေပြီး။ ကြေညာချက်ထုတ်ပြန်ခဲ့လျှင်၊ ချက်တို့စစ်ဘေးကြီးသားပြည်တွင်း၌အလုပ်လုပ်နေသော မာစရစ်၏ အဖော်ထမျှသည်၊ အလုပ်လုပ်ရန် အလွန်ကြပ်တည်းသွားမည်ကား မလွဲတည်း။ ထို့ကြောင့်၊ မာစရစ်သည် စကားပြေးဆွာ၍၊ အခွင့်ပါးနပ်စွာ ပြောခဲ့ရလေသည်။

ထိုအစည်းအဝေး သတင်းကို ဥရောပတိုက်ရှိ သတင်းစာများက ဖွင့်ဟသတင်းဖော်ပြရာ၊ ဥရောပတိုက်၌ အချင်ချင်ရှိ၊ ပါးနပ်သောချက်လူမျိုးတိုင်း။ ဩစတြီးယားအစိုးရကို ဖြုတ်ချရန် အချိန်တန်ပြီဟု မာစရစ် ပြောလိုကြောင်းကို ကောင်းစွာသိရှိကြသော်၊ သတိမမှုလျှင် ဂရုမပြင်၊ သတိမှုလျှင်-မြို့ကိုပိတ်ခြင်းသည်ဖြစ်ရကား၊ ပွင့်လင်းစွာ ပြောဆိုခြင်း မရှိ၍၊ ပါးနပ်စွာပြောရသော မာစရစ်၏စကားသည်၊ သတိ

PDF created with pdfFactory Pro trial version www.pdffactory.com

ပြု၍ တဘက်သော သူ့အိုင်း၏အတိုက်တွင် များစွာရှင်းလျက်ရှိကြကုန်၏။ ပသစရာ၏မနေ့မနေ့ကြိုးစားချက်ကြောင့်၊ ကျွန်ုပ်တို့ဗမာ့ဖိုးဘေးဘီးဘား၏ အကြောင်းကို၊ ဥဒ္ဒေသပတိုက်တွင် အဆော်ကသေးသည်သည်ကြသဖြင့်၊ နေ့ဦးမှာ ဖြင်သစ်အမိုးရာတမှ၊ ကျွန်ုပ်လူမျိုးတို့၏ လွတ်လပ်ရေးကို တူညီခဲ့ ဟူသောဂတိကရာကိုရသေး၏။

ကျွန်ုပ်တို့သည် ဖေးကြီးယား ဖြည့်တွင်းခွဲလည်း၊ မျိုးချစ်ပုဂ္ဂိုလ်တို့သည် လွတ်လပ်ရေးအတွက် အမိုးရ၏အာဏာကို ဖီဆန်ကြသဖြင့် အသတ်ခံကြရ၏။ ရွှေအကွဲ့သို့မြို့အတွင်း၌ အကျောင်းခံချပြီး၊ အသက်ရှင်၍နေရခြင်းထက်၊ အမျိုးသားတို့၏ လွတ်လပ်ရေးအတွက်၊ ဘေးဆောင်ရွက်ပြီးလျှင်၊ သေရခြင်း ကပို၍မြတ်သည်ဟု ယုံကြည်ပြီးသား ဖြစ်သော ကျွန်ုပ်မျိုးချစ် ပုဂ္ဂိုလ်တို့၏ သတ္တိရွှန်ကို ပတ်တိုင်နှင့် တူညီလှသည်၊ မခြောက်ခြားနိုင်သော မင်းတို့အား ကြောက်ကြောက်သားအမိုးရသည် စစ်ဘင်ထဲ အောင်နိုင်း၍မရ၊ ပြင်း၍- သတ်ပစ်လျှင် အသေခံကြ၍၊ စစ်ထဲပါသော သူများကလည်း။ ရှားကြသို့ ထက်သို့ကူးပြေးကြလေ၏။

ကျွန်ုပ်လူမျိုးတို့၏ ဗိုလ်ကိုဆွဲဖမ်းသော သတင်းစာများကိုလည်း၊ ကိုယ်ထိတွေ့နိုင်၍ဝေကြ၏၊ ရှင်းသတင်းစာတို့၌အတည်တကျနေနေမရှိ။ ယနေ့ အယ်ဒီတာတဦး၏ အိမ်ခန်းတွင်နိုင်လျှင်၊ နောက်ယနေ့မှာခြားအယ်ဒီတာ တဦး၏ အိမ်အမိုးပေါ်တွင်ထက်၍နိုင်ရ၏။

PDF created with pdfFactory Pro trial version www.pdffactory.com

ထိုအချိန်အတွင်း၊ အမေရိက ပြည်၌ နေသော ချက်လူမျိုးတဦးက၊ "ခုလုပ်ချင်သလို မလုပ်လျှင်၊ နောင်ကိုတသက် တော့မှမလုပ်နိုင်"ဟူသော စိတ်ထင်းသားစဉ်ကို လက်ယိုက်ရာ၊ များမွှာ ထမြောက်အောင်မြင်သေးသည်၊ ၎င်းကို တက်ရသော အခြေအချိန်များမှ ချက်လူမျိုးတို့၏၊ ငွေအားလူအား ဖြင့်၊ အသစ်ချက်ကိုစလို ဗေးကီးယား ပြည်ကြီး အတွက်၊ ချက်ချက်ရောရော၊ ခွန့်ကြဲလုန်၏၊

များမကြာမီ၊ ပေါက်တော သတင်းကို၊ ပါရစ်မြို့တော်တွင် သေး၍၊ မာစရစ်ကိုယ်တိုင် အင်္ဂလန်သို့ သွားပြီး၊ ချက်လူမျိုးတို့၏ လွတ်လပ်ရေးအတွက်၊ အလုအညီးပေးရန်၊ အင်္ဂလိပ်အစိုးရအား၊ နှုိးဆော်ခဲ့လေ၏။ ၎င်းအင်္ဂလန်တွင် ရှိနေစဉ် ထနေ့သစ်၊ ပမိုက်မြို့တွင်ကျန်ရစ်ခဲ့သော၊ ၎င်း၏သမီးအား သေဒါဏ်ပေးသိုက်ပြီဟူသော သတင်းဆိုးကို၊ သတင်းစာတစောင်တွင် သက်ဆိုက်ခု၍၊ ကြွက်ကို ဖန်းသည်နှင့် ကျိုကို နီးနှုင့်ရှိလေပြီ။ ထိုခါတွင် မာစရစ်သည် ခဏမျှ သတိလစ်သွားသည်မှအပ၊ ဘာမျှမဖြစ်ချေ။ တိုင်းပြည်နှင့် လူမျိုးအတွက်လုပ်နေသောအလုပ်အား၊ သမီးအတွက်၊ တောင်သောင်သော ပရိဒေဝ မီးသည် အနှောက်အယှက် မပေးနိုင်ချေ၊ ကြည့်ညီသို့ထွေးမိကောင်းလှပေ၏။ ဤလိုလူမျိုးတဦး ဖြန့်ပေါ်ညည်တွင် ပေါ်ပေါက်နိုင်ပါလေ၊ ကောင်းလေစွ တကား။

အင်္ဂလန်မှနေ၍၊ အမေရိက သို့သော်၎င်း၊ ရုရှားသို့သော်၎င်း၊ ကူးခဲ့သေး၏၊ ရောက်လေရာ အရပ်တိုင်းတွင် ၎င်း၏တ



PDF created with pdfFactory Pro trial version www.pdffactory.com

ရှုတည်းသောလုပ်ငန်းသည်၊ ချက်လူမျိုးတို့၏ လွတ်လပ်ရေး
လှုပ်ငန်းပင်ဖြစ်လေ၏၊ အသက်ခံဖြားထားချေ၊ မိတ်ဆွေရှေ့
နှင့် မာစရစ်ကိုယ်တိုင် ရိုက်ခဲ့သောဆေးဂေ့တို့သည်၊ ကမ္ဘာ
စစ်ကြီးဖြစ်နေသည့်-၄-နှစ်အတွင်း၊ အစေ့ဘဝမှအပင်၊ အ
ပင်မှ အဖူးသို့-တစတစ ကူးပြောင်းလာကြ၏။ စစ်ကြီးပြီး၍
စစ်ပြေငြိမ်းလက်မှတ်ထိုးသောအခါ၊ အဖူးဘဝမှ အသီးဘ
ဝသို့ ကူးပြောင်းလေတော့၏၊

နှစ်ပေါင်းများစွာကျွန်ဘဝသို့ကျရောက်ခဲ့သော၊ ချက်လူ
မျိုးတို့သည် ကျွန်ဘဝမှလွတ်ကြလေပြီ၊ လူစင်စစ် ဖြစ်လျက်
လူ့ဘဝ မရကြသော ချက်တို့သည်။ ပဝစချစ်၏ အစွမ်း
ကြောင့်၊ လူ့ဘဝကိုပြန်၍ ရကြကုန်၏၊

ပြည်ထောင်ပြန်အခမ်းအနားတွင်၊ မာစရစ်အား ကြိုဆိုကြ
ပုံကို ရေးသားသည်ထက်၊ တွေးကြည့်မြင်းကာ သဘောနှိုင်း၍
ထင်ရှားမည်ဖြစ်၏၊

ကျွန်ုပ်၏လည်နေသောစိတ်တို့သည် ကိုယ်တွင်းသို့ ပြန်
၍ဝင်လာကြကုန်၏၊ ကျွန်ုပ်၏ ဘေးရှိ၊ အခေါ်တရသည်း
ငြိမ်ချက်သားကောင်းလှ ပင်ရှိသေး၏၊

များစွာကြာမှ၊ ကျွန်ုပ်၏စိတ်တွေသည် လမ်းလျှောက်သောစဉ်
ကမြင်ခဲ့သောနွားရုပ်ဆီသို့ ရောက်သွားပြန်လေ၏၊ ချောင်းစပ်
ထဲတွင်၊ တကောင်ပေါ် တကောင်တက်လျက်၊ မြူးနေကြ
သောနွားများ၊ တကောင်ကိုတကောင်ချော့လျက်၊ ပေါ်သဖြစ်
နေကြသောနွားများ၊ ခေါင်းငိုက်စိုက်ချလျက် အိပ်နေကြသော

PDF created with pdfFactory Pro trial version www.pdffactory.com

နွားများ၊စမြုံ ပြန်ရင်း–ကိုယ်ထည်ကြီးထည်း ဝဝလင်လင် စားရသည်နှင့်ကြွနင်နေကြသော နွားများသည်၊အစဉ်တစိုက် ပြန်၍ ပေါ်လာကြ ပြန်လေ၏။ထိုအခါသတိလည်၍၊"ထယ်–မသီသားဆိုးပါးတဲ့ အကောင်တွေတဲ့"ဟု ပါးစပ်မှ ထွက်ခဲ့ ထွက်သွားလေ၏။ကျွန်ုပ်၏နံဘေးတွင်လာ၍ထိုင်နေသူ ထွန်းမောင်က"ဘာများဆိုးပါးနေသလဲ"ဟု ပြန်မေးလိုက်မှ၊တွင် ရှိမနေသော စိတ်များကို၊ ကျွန်ုပ်တို့လူမှ ပြန်၍ သိမ်းမိကြလေ၏။

အချိန်ကား ၇ နာရီခန့် ရှိပြီဖြစ်သောကြောင့်၊ ယူနံ့တွဲ၍ အိမ်ပြန်ကြလေ၏။

မောင်နု၊

PDF created with pdfFactory Pro trial version www.pdffactory.com